# အကြွားပြိုင်ပွဲ

"ငါ့အဖေက စာခြောက်ရပ်လုပ်တာ တော်လွန်းလို့ ငှက်တွေဟာ အဖေ့ရဲ့ လယ်ကွင်း သုံးမိုင်အတွင်းထဲကို တောင် မလာကြတော့ဘူး" ဟု လယ်သမား၏သားက ပြောသည်။

"ဒါက ဘာဟုတ်သေးလဲကွ" ဟု သူ့သူငယ်ချင်းက ပြောသည်။

"ငါ့ဦးလေးလည်း စာခြောက်ရပ်လုပ်တာ တော်လွန်းလို့ ငှက်တွေဟာ မနှစ်က သူတို့ခိုးသွားတဲ့ စပါးတွေအားလုံးကိုတောင် ပြန်ယူလာပေးရတယ်"

# အဖေ့ဆင်ခြေ

**ဒေးဗစ်** ။ ။ သားက ဖေဖေနဲ့အတူ ငါးဖမ်းထွက်ချင်ပေမဲ့ ဖေဖေက ကျောင်းဟာ ပိုပြီးအရေးကြီးတယ်လို့ ပြောတယ်။

**ဆရာ** ။ ။ ကျောင်းက ဘာကြောင့်ပိုပြီး အရေးကြီးတယ်ဆိုတာကိုကော ပြောခဲ့သေးလား။

**ဒေးဗစ်** ။ ။ဟုတ်ကဲ့ ... ပြောပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ သူ့မှာ နှစ်ယောက်စလုံး အတွက် ငါးစာ လုံလုံလောက်လောက် မရှိတော့လို့ပါပဲ။